
ဘာသာပြန် စာရေးဆရာ - Mr.Aung Phyo
ပြိုင်ဘက်ကင်း
လက်နက်စနစ်ပိုင်ရှင်
(ပိုင်ရန်ဖိန်)
စာစဉ် - ၈

## အပိုင်း - ၁၀၆
## စိတ်ဝိညာဉ်သားရဲငှက်လား

ဘာသာပြန် - နေခြည်ခက်နွယ်

ရန်လင်းမြို့မြောက်ဘက်အကွာ ကီလိုမီတာငါးဆယ်ခန့်ရှိ တောအုပ်တစ်ခု၏ ညနေစောင်းအချိန်တွင်ဖြစ်သည်။

ပိုင်ရန်ဖိန်က သူ့ရှေ့သို့ ခရီးဆက်လာစဉ် သူ့အမြင်အာရုံကို အဟန့်အတားဖြစ်စေသော လူအရွယ်အစားခန့်ကျူပင်များကို ဆွဲနှုတ်လာလိုက်သည်။ တစ်ချိန်တည်းမှာပင် သူသည် သူ့ပတ်ဝန်းကျင်ရှိ ပင်လယ်ကဲ့သို့ များပြားလှသော သစ်ပင်များကို မော့ကြည့်လိုက်၏ ။ မီတာတစ်ရာကျော်ခန့် အရွက်ခြောက်များအပေါ် ခြေလျင်လျှောက်ရင်း နောက်ဆုံးတွင် အမြင့်သစ်ပင်တစ်ပင်ကို တက်ပြီး ပတ်ပတ်လည်ကို ကြည့်ဖို့ ဆုံးဖြတ်လိုက်သည်။

အချိန်အနည်းငယ်မှာပင် သူ့မျက်နှာက အဝေးမှ နေရောင်ကို မှုန်ကုပ်ကုပ်ဖြင့် စိုက်ကြည့်နေရင်း

"သေရော။ ငါဘယ်ရောက်နေမှန်းတောင်မသိဘူး၊ ရန်သူကို ငါဒီမှာဘယ်လိုသတိထားရပ့်ါမလဲ "

"မေ့လိုက်ပါ၊ ဒါက အမြဲဖြစ်နေတယ် မဟုတ်လား၊ အကြမ်းဖျင်းငါသွားမယ့်နေရာကို သိသရွေ့တော့ ငါ အဆင်ပြေနေပါသေးတယ် ။ နေက အဲဒီဘက်ကို ဝင်သွားတာဆိုတော့ မြောက်ဘက်က အဲဒီဘက်ကိုပဲ သွားသင့်တယ်ထင်တယ် " ဟု ပိုင်ရန်ဖိန်က တစ်ကိုယ်တည်းတွေးတောလျက်ပင်

မြောက်ဘက်ကိုလှည့်ပြီး

"ကျန်းဖန်က အဲဒီလူ သတ်ဖို့ကို လုံးဝတားထားပြီးသားဆိုတော့ လုံခြုံလောက်ပါပြီ ဒါပေမယ့် ယန်လင်းမြို့ကို မပြန်နိုင်ဘူး။ မြောက်ဘက်ကို ဆက်သွားရမယ်..."

"နှမျောစရာကောင်းလိုက်တာကွာ ယန်လင်းမြို့မှာ နှစ်ရက်ပဲနေခဲ့ရသေးတာလေ မတွေ့ဖူးသေးတဲ့ အရာတွေ အများကြီးရှိသေးတယ်"

ပိုင်ရန်ဖိန်ဟာ ရှေ့ဆက်သွားရန် သစ်ပင်ပေါ်မှ ခုန်ဆင်းဟန်ပြင်ရင်း ညည်းညူ လိုက်မိသည်။

"အယ်?" ထိုအချိန်မှာပဲ ပိုင်ရန်ဖိန် က သူ့ခေါင်းပေါ်မှာ တစ်ခုခုဖြစ်နေတာကို သတိပြုမိရင်း မျက်ခုံးများ မြှင့်တက်လာခဲ့သည်။

"ဝိုး"

တစ်မိနစ်ခန့်ရှိသော ရွေ့လျားနေသော လေတိုက်သံက သူ့အနားမှ ဖြတ်သန်းသွားသည်ကို နားဆတ်ဆတ်ဖြင့်ကြားလိုက်ရသည်။ ပိုင်ရန်ဖိန် ခေါင်းပေါ်မှ ထိုမိုးပြာရောင်ရိပ်တစ်ခုက ရွေ့လျားသွားခဲ့သော်လည်း ထိုအရာအား အသေးစိတ်မြင်နိုင်လောက်ရန် မနှေးကွေးလှပေ။ မကြာမီမှာပင် အရိပ်က ဖြတ်ကျော်သွားပြီးနောက် မျက်စိတစ်မှိတ်အတွင်းပျောက်ကွယ်သွားသော အစက်လေးတစ်စက် ဖြစ်သွားခဲ့သည်။

"အဲဒါ...ငှက်တစ်ကောင်လား ဒါပေမယ့် နည်းနည်းမြန်လွန်းနေတယ် မဟုတ်ဘူးလား"

ဟုဆိုကာ ပိုင်ရန်ဖိန် က မယုံကြည်နိုင်စွာ စိုက်ကြည့်နေလိုက်သည်။ ထို့နောက် တစ်စုံတစ်ခုကို စတင်သဘောပေါက်ကာ

"ဒါပေမယ့် ဒီခံစားချက်က.......ငါနည်းနည်းတော့ ရင်းနှီးသလိုပဲ... အိုး!

ရှောင်တန် အတူတူနီးပါးပါပဲ"

"စိတ်ဝိညာဉ်သားရဲကောင်လား"

ဟု ပါးစပ်မှ အော်လိုက်ကာ ပိုင်ရန်ဖိန်က ပိုင်၍ပင် တုန်လှုပ်သွားခဲ့သည်။

"ဒါကရှောင်တန် ထက်တော့ နည်းနည်း အားနည်းတယ်၊ ဒါပေမယ့် အမြန်နှုန်းက ကျန်တဲ့အကောင်တွေနဲ့ မတူတာ ကျိန်းသေတယ် "

ပိုင်ရန်ဖိန်က ကိုယ်ကိုလှည့်ပတ်ကာပတ်ဝန်းကျင်ကို ကြည့်လိုက်ရင်း အံ့သြသွားခဲ့သည်။

"ဒီသစ်တောမှာလည်း အဲလိုအကောင်တွေရှိတာလား။ ဒါကအရမ်းထူးဆန်းမနေဘူးလား၊ အေးပေ့ါ ငါလဲ အခုမှရောက်ဖူးတာကို ..."

"ဟင့်အင်း...ငှက်တစ်ကောင်ဆိုတာတော့ သေချာတယ်....ငါ့မှာသာ အဲလိုအဖော်သားရဲ ငှက်တစ်ကောင်ရှိခဲ့ရင် ဘဝက ဒီလောက်ဆိုးနေမှ အဟုတ်ဘူးပဲ ၊ ဒါပေမယ့် ဒီကောင်သွားတာ အရမ်းမြန် တော့ သွားပါပြီ...."

ဟုဆိုကာ ပိုင်ရန်ဖိန် ခေါင်းယမ်းလိုက်သည်။ သို့သော် တစ်စက္ကန့်အကြာတွင် ပိုင်ရန်ဖိန် သည် သူ့ခေါင်းပေါ်မှ စိုစွတ်နေသော အရာတစ်ခုကို ရုတ်တရက် ခံစားလိုက်ရသည်။

"ငါ့ခေါင်းပေါ်မှာ ဘာရှိနေတာလဲဟ"

လက်တစ်ဖက်ကိုခေါင်းပေါ်သို့ ပွတ်ကာ စမ်းကြည့်လိုက်သည့်အခါတွင်တော့ သူ့လက်ချောင်းများတွင် စိုစွတ်ပြီး စေးကပ်နေသော အရာတစ်ခုကိုသာ ခံစားရလေသည်။

"ဒါကိုမယုံနိုင်ဘူး၊ ငါ့မှာဘာလို့ကံဆိုးရတာလဲ"

ငှက်ကလေးသည် အရှိန်ပြင်းပြင်းနှင့် ပျံသန်းနေစဉ်မှာ သူ့ခေါင်းပေါ်သို့ ချီးပါသွားသည်ဟု ထင်သွားကာ ပိုင်ရန်ဖိန် ကကံမကောင်းသည့်ဟန်ဖြင့်

လက်ကို ခါထုတ်ရန် စဉ်းစားလိုက်ပြီး ထိုအရာကို စိုက်ကြည့်လိုက်မိသည်။

"ဒါ....ဒါက

"သွေးတွေအဲ"

သို့သော် သူ့လက်ချောင်းမှ အရာများက သွေးများဖြစ်နေခဲ့သည်ကို မထင်မှတ်ပဲသိလိုက်ရသည်။

"ဒါဆို သူက ဒဏ်ရာရနေတာလို့ ဆိုလိုတာလား။"

ပိုင်ရန်ဖိန်သည် ထိုငှက်ပျံသွားသည့် ဦးတည်ရာသို့ အံ့အားသင့်စွာ လှမ်းကြည့်လိုက်သည်။

"ဒါဏ်ရာရနေချိန်မှာ မြန်မြန်ဆန်ဆန် ပျံသန်းနိုင်တုန်းပဲလား။ ပြီးတော့ ဒါက သူ့ဘဝအတွက် တိုက်ခိုက်လာပြီး ပြေးလာတယ်လို့ဆိုလိုတာမလား ၊ ဒါဏ်ရာရနေတာတောင် အကောင်းဆုံး လွတ်မြောက်အောင် အစွမ်းကုန်ကြိုးစားနေတုန်းပဲ..."

ထိုအတွေးများ တွေးမိသွားပြီးနောက် ပိုင်ရန်ဖိန်သည် ငှက်ကလေးအတွက် ဝမ်းနည်းပူဆွေးမှု အနည်းငယ် ခံစားလာခဲ့ရသည်။ ပိုင်ရန်ဖိန်သည် သူကိုယ်တိုင်ပင် သေချာမမြင်လိုက်ရသော ငှက်တစ်ကောင်ကိုပင် သနားသွားပြီး ထိုငှက်လေးနှင့် သူ၏ကံကြမ္မာက ဆက်စပ်နေသလိုပင် ခံစားလိုက်ရသည်။

"ကောင်းပြီ ငါလမ်းငါဆက်လျှောက်မယ်"

ဟုဆိုကာ ပိုင်ရန်ဖိန် သူ့ခေါင်းပေါ်မှ သွေးများကို သုတ်လိုက်ပြီး သူ့လမ်းကြောင်းအတိုင်း ဆက်သွားရန် သစ်ပင်ပေါ်မှ ခုန်ချလိုက်သည်။

...........

ညအချိန်ရောက်သော် ပိုင်ရန်ဖန် သည် နောက်နေ့မနက်အထိ အနားယူ

ရန် လုံခြုံနိုင်မည့် နေရာတစ်ခုကို ရှာတွေ့ခဲ့သည်။

ထိုကဲ့သို့ နှစ်ရက်နှင့် သုံးညတိတိကြာပြီးနောက်တွင် ပိုင်ရန်ဖိန်သည် ခရီးသွားနိုင်ရန် လမ်းမတစ်ခု ကို တွေ့လိုက်ရကာ လုံးဝပျော်ရွှင်သွားခဲ့ရသည်။ အဘယ်ကြောင့်ဆိုသော် ထိုတောထဲတွင်သာ နောက်ထပ်နှစ်ရက်ခန့် ဆက်ပြီး နေနေရပါက သူအနေဖြင့် ရူးသွားနိုင်လေသည်။

"ဒါက ဘယ်ကိုမှန်း မသိပေမယ့် အဲဒီလမ်းကြောင်းကို ကြည့်ပြီးတော့ ဒါက ယန်လင်းမြို့ကို တည့်တည့် သွားတဲ့လမ်းဆိုရင် ငါသွားရမှာ ဒီလမ်းကြောင်းက ဖြစ်သင့်တယ်..."

ထိုလမ်းကြောင်းက သူအားမည်သည့်မြို့ကို ခေါ်ဆောင်သွားမည်ကို မသေချာသဖြင့် အချိန်အနည်းငယ်အကြာတွင် ပိုင်ရန်ဖိန်က ရပ်တန်လိုက်သည်။ ထို့နောက် သို့လှောင်ကွင်းထဲမှ မြေပုံကိုထုတ်လိုက်ပြီး သူကိုယ်သူ အဖြေမပေးနိုင်မချင်း ထိုမြေပုံစာရွက်ကိုသာ သေချာလေ့လာလိုက်သည်။

"ဒီအတိုင်းဆက်သွားရင်တော့ နောက်ရောက်မဲ့မြို့က ဂူယိမြို့တော်ကိုပဲ"

"ဒါပေမယ့် အခု ငါမသိတာက ဂူယိမြို့က ဘယ်လောက်ဝေးတယ်ဆိုတာပဲ သေချာအောင် တယောက်ယောက်ရှာတာ အကောင်းဆုံးပဲထင်တယ်"

ဟုတွေးကာပိုင်ရန်ဖိန်က လမ်းတဝိုက်တွင် တစ်စုံတစ်ယောက်ကို ရှာတွေ့ရန် လှမ်းကြည့်သော်လည်း မည်သူမျှရှိမနေခဲ့ပေ။

"မေ့လိုက်ပါ၊ ငါအရင်လမ်းလျှောက်ပြီးတာကောင်းပါတယ် လမ်းမှာတစ်ယောက် ယောက်တွေ့မှပဲ အတည်ပြုတာပေါ့ ငါနည်းနည်းလေး မြန်မြန်သွားနေသရွေ့ ဂူယိ မြို့ကို ရောက်နိုင်လောက်ပါရဲ့"

သူ့ဆုံးဖြတ်ချက်ချပြီးနောက်တွင် ပိုင်ရန်ဖိန်လည်း ထပ်အချိန်မတော့ပဲ စတင်ထွက်ခွာရန် ပြင်ဆင်လိုက်သည်။ နေမင်းကြီးသည်ပင် တဖြည်းဖြည်း

မြင့်တက်လာပြီးဖြစ်၍ သူ၏ ကောက်ရိုးခမောက်ကို ထုတ်ယူကာ ဆောင်းလိုက်၏။ ထို့နောက် မြူးမြူးကြွကြွ ရိုးရာသီချင်းတစ်ပုဒ်ကို ဟစ်ကြွေးကာ လမ်းမပေါ်၌ အေးအေးဆေးဆေး လျှောက်သွားခဲ့သည်။

……

"အဆင့်မြှင့်ခြင်း အောင်မြင်ပါသည်။"

"ပစ္စည်းအရည်အသွေး- ပုံမှန်။"

"အဆင့်မြှင့်ခြင်း- +၈ အဆင့်"

"ကာကွယ်ရေးစွမ်းအား - ၂ မှတ် "

"နောက်ထပ်ကာကွယ်ရေးစွမ်းအား - ၅ မှတ်"

"အဆင့်မြှင့်တင်ရန် လိုအပ်ချက်- စိတ်ဝိညာဉ်အမှတ် ၄ မှတ်"

ခရီးသွားရင်းလုံးဝငြီးငွေ့လာသော ပိုင်ရန်ဖိန်က တိမ်များက နေမင်းအားဖုံးကွယ်ထားပြီး အရိပ်နေသည့်အခိုက်ကို အခွင့်ကောင်းယူကာ သူ့ကောက်ရိုးခမောက်ကို ခေါင်းမှ ဖြုတ်ယူကာ အဆင့်မြှင်တင်လိုက်သည်။

"ကာကွယ်နိုင်စွမ်း ခုနှစ်မှတ်တဲ့ အာ့ဆိုဒါက ကျောက်ခဲတစ်ခဲနဲ့ ပစ်တဲ့ဒဏ်ကို ကာကွယ်နိုင်စွမ်းလောက်တော့ ရှိမှာပဲ +၁၀ အဆင့်ကို မြှင့်လိုက်ရင်ရော ဘယ်လိုမျိုးထူးခြားတဲ့ အကျိုးသက်ရောက်မှုကိုရမှာလဲ "

ဟု တွေးကာ ပိုင်ရန်ဖိန်က ကောက်ရိုးခမောက်ကို စူးစူးစိုက်စိုက် ကြည့်လိုက်သည်။

"ဒါပေမယ့် ဒါက ဘယ်နေရာမှာမှ ရှာမတွေ့နိုင်တဲ့ အမိုက်စား ကိရိယာတစ်ခုပဲ၊ ဘာမှ ထူးထူးခြားခြားတော့ ရှိမှာ မဟုတ်ဘူးလို့ ငါ ယုံတယ်။"

သို့သော်ပိုင်ရန်ဖိန် သည် တစ်ခါက သာမန်အဝတ်အစားတစ်ခုကို +၁၀ အဆင့်သို့ အဆင့်မြှင့်တင်ခဲ့သည်။ ရလဒ်အနေနှင့်၊ ၎င်း၏ခံစစ်စွမ်းအား

အမှတ်သည် ဂဏန်းနှစ်လုံး ထက်ကိုပင် ကျော်ဖြတ်နိုင်ခြင်း ထိမှန်ပါက ခုခံကာကွယ်မှု ဆယ်ဆတိုးရန် ၁ % (ရာခိုင်နှုန်း) အခွင့်အလမ်းရှိခြင်းဆိုသော ထပ်လောင်းအကျိုးသက်ရောက်မှုတစ်ခု သာရှိခဲ့သည်။

"တော်ပါပြီး ၊ ငါ့ကြောင့် ပျက်စီးသွားရင် ဝမ်းနည်းစရာပဲ။ ဒီခမောက်က ငါ့ကို အချိန်အတော်ကြာအောင် နေရောင်ကနေ ကာကွယ်ပေးတာနဲ့တင် အရမ်း ကောင်းနေပါပြီ "

ယခုတွင် တိမ်တိုက်များ ရွေ့လျားသွားသဖြင့် နေရောင်ခြည် ပြန်ကျဆင်းလာသဖြင့် ပိုင်ရန်ဖိန်က အရိပ်ရရန် ကောက်ရိုးခမောက်ကို ခေါင်းပေါ်ပြန်တင်လိုက်သည်။ သူ၏ ညာလက်ကို လှုပ်ယမ်းလိုက်ရာ တောက်ပနေသော ဓားမြှောင်များစွာ ပေါ်လာသည်။

"စိတ်ဝိညာဉ်တစ်ဝက်အဆင့် ပစ္စည်းတစ်ခုက စိတ်စွမ်းအားအနည်းငယ်ကိုပဲ စုပ်ယူနိုင်တယ်၊ အဲဒါကပဲသူတို့ကို ပုံမှန်လက်နက်နဲ့ ကွဲပြားစေတာ။ ဒါပေမယ့် ငါအဆင့်မြှင့်ထားတဲ့ လက်နက်တွေကတော့ သူတို့ရဲ့တိုက်ခိုက်စွမ်းအားက စိတ်ဝိညာဉ်ပစ္စည်းစစ်စစ် ဖြစ်ဖို့ လိုအပ်တဲ့ အနိမ့်ဆုံးကို နေရာကိုမရောက်ရှိသရွေ့ အဆင့်မြှင့်ဖို့ အမှတ်က နည်းနည်းပဲလိုတာပဲ ၊ အဲဒါက ငါအဆင့်မြှင့်တဲ့ နည်းစနစ်ရဲ့ ထူးခြားချက်တစ်ခုပဲ။"

ပိုင်ရန်ဖိန် က သူ့လက်ထဲမှ ဓားမြှောင်ကို တစ်ချက်ကြည့်လိုက်ပြီး

"တိုက်ခိုက်နိုင်စွမ်း ၁၅၇ မှတ်တောင် ရှိတယ်။ ပုံမှန်လူတစ်ယောက်ရဲ့ မျက်လုံးထဲမှာတော့ ဒီဟာက သံတွေကို အလွယ်တကူ ပိုင်းဖြတ်လို့ရတဲ့ မှော်လက်နက် ဖြစ်နေပါပြီ၊ ဒါမဲ့ ကျင့်ကြံသူတစ်ယောက်အတွက်တော့ ပုံမှန်လက်နက်လောက်ပါပဲ ကျန်း အိမ်တော်က ရောင်းချနေတဲ့ စိတ်ဝိညာဉ်တစ်ဝက်ပစ္စည်းတွေက ပန်းပဲကျောင်းတော်ကပဲ ဖြစ်ရမယ် ပြီးတော့ ပန်းပဲကျောင်းတော်က ဒါတွေကို အပိုင်းအစတွေလောက်ပဲ သဘောထားပုံရ

တယ်ထင်တယ် ...."

"ကျန်းအိမ်တော် ....ကျန်းဖန် ၊ အာ .....သူက တကယ်လက်မှုပညာကျောင်းကလူလား၊ ဘိုးဘေးအဆင့်တစ်ဦးဖြစ်နေပြီး အစ်ကိုဟုန်ယင်နဲ့တောင် အသက်ကအတူတူပဲ ဒီတော့ သူကလဲ သူမြင်ရခဲ့တဲ့ ပါရမီရှင်တွေထဲက နောက်ထပ်တစ်ယောက်ပေ့ါ ပန်းပဲကျောင်းတော်မှာ သူဘယ်လိုရာထူးရထားလဲ သိချင်လိုက်တာ..."

......

မိုးမခရွက်စိမ်း ကျောင်းတွင် ရက်အတော်ကြာနေထိုင်ပြီးနောက်၊ ပိုင်ရန်ဖိန်သည် ကျင့်ကြံသူတို့၏ကမ္ဘာကို အကြမ်းဖျင်းနားလည်လာခဲ့သည်။ လက်ထဲတွင် ကျင့်စဉ် သို့မဟုတ် လမ်းညွှန်မှု တစ်ခုရှိလျှင် ပျမ်းမျှ စိတ်ဝိညာဉ်ကျင့်ကြံသူသည် ၎င်းတို့၏ စိတ်ဝိညာဉ်စွမ်းအားကို နိုးထရန် ဆယ်နှစ်ခန့်လိုအပ်မည်ဖြစ်သည်။ အသက်သုံးဆယ် အရွယ်တွင် သူတို့သည် စိတ်ဝိညာဉ်သူရဲကောင်းအဆင့် များဖြစ်လာကြသော်လည်း တစ်ဦးနှင့်တစ်ဦးကဒြပ်စင်စွမ်းအင်များလိုက်လျောညီထွေဖြစ်လာခြင်းအပေါ်တွင် လုံးဝကွဲပြားသွားကာ ၎င်းတို့အတွက် အသင့်တော်ဆုံးမူလအနှစ်သာရအစွမ်း (ဒြပ်စင်အမြုတေဖြစ်ပေါ်မှု) ကို အလိုအလျောက်သိရှိနိုင်လောက်အောင်အားကောင်းနေရမည်ဖြစ်သည်။ သို့သော်လည်း ထိုစဉ်ကပင် နှစ်ပေါင်းများစွာ ပြင်းပြင်းထန်ထန် လေ့ကျင့်သင်ကြားခဲ့သော လူအများအပြားရှိခဲ့သော်လည်း ဒြပ်စင်များ၏ တည်ရှိမှုကို အာရုံမခံနိုင်သေးသည်လဲရှိတတ်ပေသည်။ လူအချို့မှာ စိတ်ဝိဉာဉ်သူရဲကောင်း အဆင့်တွင်ပင် တစ်သက်တာလုံး နေထိုသွားခဲ့ရသည်။ သို့သော် ပုံမှန်ကျင့်ကြံသူတစ်ဦးက အသက်လေးဆယ်ကျော်တွင် စိတ်ဝိဉာဉ်သခင်အဆင့် ဖြစ်လာနိုင်သေးသည်။

စိတ်ဝိဉာဉ်သခင်အဆင့် သို့ရောက်ရှိလာပြီးနောက် ထိုလူသည် ကမ္ဘာ

ကြီး၏ စွမ်းအင်ကို စုပ်ယူနိုင်ပြီး ၎င်းတို့၏ စိတ်ဝိညာဉ်စွမ်းအားကို ပိုမိုခိုင်မာစေရန် အားထုတ်ကျင့်ကြံ နိုင်မည်ဖြစ်သည်။ ကမ္ဘာပေါ်ရှိ ဒြပ်စင်များကို လုံလောက်စွာ စုပ်ယူ၍ ၎င်းတို့၏ စိတ်စွမ်းအားကို ပျံ့နှံ့စေပြီးနောက်၊ ထိုလူသည် ပိုမိုကျင့်ကြံလာနိုင်သောအဆင့်တွင် ဒြပ်စင်အနှစ်သာရတစ်ခုနှင့်လည်း ချိတ်ဆက်နေပြီး အဆုံးမရှိသော အားကောင်းသည့် အကျိုးသက်ရောက်မှုကို ရရှိနိုင်မည်ဖြစ်သည်။ ပိုသန်မာလာသော လူတစ်ယောက်ဖြစ်လာလေလေ သူတို့၏ဒြပ်စင်အစွမ်းအပေါ် ထိန်းချုပ်နိုင်စွမ်းက ပိုကောင်းလေပင် ဖြစ်လာပေမည်။

စိတ်ဝိညာဉ်သခင်အဆင့်သို့ ရောက်လာသောလူတစ်ယောက်အနေဖြင့် လူအများစုရွေးချယ်တတ်သော ရေဒြပ်စင် သို့မဟုတ် လေဒြပ်စင် ရွေးချယ်လေ့ကျင့်ပါက ၎င်းတို့ထဲမှ အများစုသည် အသက်ငါးဆယ်ကျော်တွင် စိတ်ဝိညာဉ်ဘိုးဘေးအဆင့်တစ်ဦး ဖြစ်လာရန် အခွင့်အလမ်းများရှိနေမည်ဖြစ်သည်။ သို့သော် စိတ်ဝိညာဉ်ဝိဇ္ဇာအဆင့် ဖြစ်လာခြင်းသည် စိတ်ဝိညာဉ်ဘိုးဘေးတစ်ဦးဖြစ်လာခြင်းထက် အဆများစွာ ခက်ခဲပြီး လူတစ်ဦးသည် အသက်ရှစ်ဆယ်မှ တစ်ရာအတွင်းရောက်မှသာ ယေဘူယျအားဖြင့် ထိုအဆင့်ကို ရောက်ရှိသွားနိုင်ပါသည်။

စိတ်ဝိညာဉ်ဝိဇ္ဇာ ဖြစ်လာသော လူများကိုမူ 'အများစု' ဟူသော စကားလုံးကို မသုံးနိုင်တော့ပေ။ ထိုအပြင် စိတ်ဝိညာဉ်ဘုရင်အဆင့်သည် ၎င်းတို့မျိုးဆက်၏ ထူးခြားသော ခေါင်းဆောင်များသာ တက်လှမ်းနိုင်သည့် အဆင့်သစ်တစ်ခု ဖြစ်သည်။

ပုံမှန်အားဖြင့်၊ ၎င်းသည် ပျမ်းမျှ 'အဆင့်သတ်မှတ်ချက်' မျှသာဖြစ်သည်။ စိတ်ဝိညာဉ်ကျင့်ကြံသူတစ်ယောက် ခွန်အားကောင်းလာလေလေ၊ အထူးသဖြင့် အနာဂတ်တွင် ဖြစ်ပေါ်လာမည့် အပြောင်းအလဲများနှင့်

ရှုပ်ထွေးမှုများ ပိုများလာလေဖြစ်သောကြောင့် အရာအားလုံးကို အတူတကွ ပေါင်းစည်းရန် ခဲယဉ်းပါသည်။ နေ့ရက်တိုင်းသည် လူတစ်ဦး၏ နောက်ဆုံး ထွက်သက်ကိုသာ ရှုရှိုက်နိုင်သည့် နောက်တစ်နေ့ဖြစ်သည်။ ပြောင်းပြန် အားဖြင့်၊ နေ့ရက်တိုင်းသည် အခြားလူတစ်ဦးအား ခွန်အားတိုးစေမည့် လမ်းညွှန်မှုတစ်ခု ၊ ကျင့်စဉ်တစ်ခုနှင့် ရတနာတစ်ခု သို့မဟုတ် ကံကောင်း စေသော အရာများ တွေ့ကြုံရမည့် အခြားနေ့လည်းဖြစ်နိုင် သည်။ အကြွေ စေ့ပစ်ခြင်းကဲ့သို့ ၊ ကံကောင်းခြင်းနှင့် ကံဆိုးခြင်များသည် ဤကမ္ဘာကြီး၏ သာမန်ကိစ္စတစ်ခုပင်ဖြစ်လေသည်။

မိုးမခရွက်စိမ်းကျောင်းတော်မှ ချူးယွီလျို သည် အသက်နှစ်ဆယ်ကျော် တွင် စိတ်ဝိညာဉ် သခင်အဆင့်တစ်ယောက် ဖြစ်လာခဲ့သည်။ ရလဒ်အနေဖြင့် သူမတွင်များစွာသော ပါရမီများ ကံကောင်းမှုများကို ပိုင်ဆိုင်ထားကြောင်း သိရပေမလိမ့်မည် ။ အခြား တစ်ဖက်တွင်မူ ဟုန်ရင်သည် အသက်သုံးဆယ် ကျော်တွင် စိတ်ဝိညာဉ်ဘိုးဘေးအဆင့် ဖြစ်လာပြီး လူတစ်သောင်းတွင် တစ် ဦးသာ တွေ့နိုင်သော ထူးခြားသည့် ပါရမီမျိုးပင် ဖြစ်သည်။

သို့သော် ပိုင်ရန်ဖိန် သည် စိတ်ဝိညာဉ်သခင်အဆင့် ဖြစ်လာချိန်တွင် ဆယ့် ကိုးနှစ်ရှိပြီဖြစ်ပြီး သူတို့၏မျက်လုံးများတွင် ထူးထူးခြားခြား ထက်မြက် သည်ဟု ယူဆထားကြသည်။ ယိုချုင့်ဖန်ကပင် သူ့ကို သစ်သားကျောင်း တော်သို့ တက်ရောက်စေချင်နေပြီး သူ၏ အရည်အချင်းများကို ထိုကျောင်း တော်တွင် ပျိုးထောင် ပေးချင်နေခဲ့သည်။

သို့သော် ပိုင်ရန်ဖိန်ကိုယ်တိုင်က ပန်းပဲကျောင်းတော်ကိုသာ စိတ်အား ထက်သန်နေသောကြောင့် ယိုချုင့်ဖန်အနေဖြင့် သူ့စိတ်ကူးများကို လက်လွှတ်ပေးလိုက်ရသည်။ ပိုင်ရန်ဖိန်က သူသည် လွန်ခဲ့သည့်တစ်နှစ်က မှပင် စိတ်ဝိညာဉ်ကျင့်ကြံသူတစ်ဦး စတင်ဖြစ်ခဲ့သည့်ကြောင်းကိုမူ သူတို့

အား ရှင်းလင်း ပြောပြရန် ကြောက်ရွံ့နေခဲ့သည်။ ထိုသို့ပြောပြမိပါက အရာအားလုံးကို ရှင်းပြရန် အရမ်းခက်ခဲလိမ့်မည်ဖြစ်ကြောင်း ပိုင်ရန်ဖိန်သိထားသည်။ အဆင့်မြှင့်တင်ခြင်းနည်းစနစ် သည် မည်သူမျှ လုံးဝမလေ့လာနိုင်သော သူ၏အကြီးမားဆုံးလျှို့ဝှက်ချက်ဖြစ်သည်။

သို့သော်ပိုင်ရန်ဖိန် က သူ့ကိုယ်သူ 'ပါရမီရှင်တစ်ယောက်' လို့ဘယ်တုန်းကမှ မတွေးခဲ့ပေ။ ယခုကဲ့သို့ လျှင်လျှင်မြန်မြန်သန်မာလာရသော အချက်မှာ သူပိုင်ဆိုင်ထားသော အဆင့်မြှင်တင်ခြင်းနည်းစနစ်နှင့် ဟုန်ရင်ပေးသော မီးစေ့ဝိညာဉ်မှိုတို့ နှစ်ခုကြောင့်သာ ဖြစ်ကြောင်း သူသိပေသည်။ ထိုနှစ်ခုသာမရှိလျှင် သူယခုရောက်နေသည့်နေရာကို ဘယ်တော့မှရောက်နိုင်မည်မဟုတ်ပေ။ တစ်ကြိမ်တွင်၊ အဆင့်မြှင့်တင်ခြင်း နည်းစနစ်ကိုအသုံးမပြုဘဲ ၎င်း၏ကိုယ်ပိုင်ကျင့်ကြံမှုနှုန်းကို တိုင်းတာရန်အတွက် ပုံမှန်ကျင့်ကြံခြင်းကို ဆယ်ရက်ခန့်လုပ်ကြည့်သော်လည်း အနည်းငယ်မျှသော စိတ်ဝိဉာဉ်စွမ်းအားသာ တိုးတက်လာကြောင်းပိုင်ရန်ဖိန်သိရှိရသည်။ ကြီးမားသော အကျိုးသက်ရောက်မှုရရှိရန် သူ၏စိတ်ဝိညာဉ်စွမ်းအားများကို အဆင့်မြှင့်တင်ခြင်း နည်းစနစ်တွင် အသုံးပြုခြင်းက ကျင့်ကြံခြင်းအတွက် ပိုမိုကောင်းမွန်ပေသည်။

သို့သော် လီချန်းဖန် အတွက်မူ ... ပိုင်ရန်ဖိန်က ထိုလူငယ်၏ပါရမီပတ်သက်၍ များစွာနားလည်ခဲ့မရှိပေ။ လီချန်းဖန်၏ ကျင့်ကြံနှုန်းက အမြန်အကန်ပင် ကောင်းကင်ဘုံကို ဆန့်ကျင်နိုင်သော အမြန်နှုန်မျိုးဖြစ်ပေသည်။ ထိုအခါမှပင် 'ဉာဏ်ကြီးရှင်' ဖြစ်ရခြင်း၏ အဓိပ္ပါယ်ကို ပိုင်ရန်ဖိန်သဘောပေါက်လိုက်ခြင်းဖြစ်၏။

ကျန်းဖန် နှင့် ဟုန်ရင် တို့သည် အသက်အရွယ်အားဖြင့် တူညီကြသော်လည်း စိတ်ဝိညာဉ်ကျင့်ကြံသူ၏ ခွန်အားကို ၎င်းတို့၏ ကျင့်ကြံနိုင်

စွမ်းပါရမီဖြင့် အဆုံးအဖြတ်ပေးသော်လည်း ယေဘုယျအားဖြင့် ၎င်းတို့၏ အသက်အရွယ်အလိုက် ပါရမီရှင်များ ဟူ၍အုပ်စုဖွဲ့ထားနိုင်ပေသည်။ ထို့ကြောင့် ပိုင်ရန်ဖိန်သည် ပန်းပဲကျောင်းတော် အတွင်း ကျန်းဖန် ၏ရာထူးသည် မြင့်မားသည်ဟူသောအကြောင်းကို သံသယဖြစ်ဖွယ်မရှိပေ။

"မနေ့ညက အမြန်ပြေးနိုင်ခဲ့တာက တော်သေးတာပေ့ါ ၊ သူ့ကသာ ငါ့ကို တားထား လိုက်မိရင် ငါ့ကို ပန်းပဲကျောင်းတော်က ကျောင်းသားတစ်ယောက်လို့ သူယုံမှာ မဟုတ်ဘူး ပြီးတော့ အဲဒါက မလိုလားအပ်တဲ့ အရာတစ်ခုခုကို ယူဆောင်လာပေး နိုင်တယ်... ပန်းပဲကျောင်းတော်ကို တတ်နိုင်ခွင့်ရလို့ သူနဲ့တွေ့တဲ့အချိန်မှသာ သူ့ကို ကျေးဇူးတင်ကြောင်း သေချာအောင်လုပ်ရမှာပေ့ါ။"

"အယ် ၊ ငါလုပ်တဲ့ ခေါင်းစည်နဲ့ လွဲသွားပြီထင်တယ် ဒါကိုဆက်ပြီးအဆင့်မြှင့်ဖို့ လိုတယ်...."

ဟုတွေးကာ ပိုင်ရန်ဖိန်က သူ၏ အာရုံမစိုက်နိုင်ပဲဖြစ်နေသော မျက်လုံးများက သူ့လက်ထဲက ဓားမြှောင်ကို စူးစိုက်ကြည့်နေလိုက်သည် ။

"အဆင့်မြှင့်ပါ။" ဟု သူ လေသံတိုးတိုးဖြင့် အမိန့်ပေးလိုက်သည်။

***